# ကျွန်ုပ်၏အသက်တာ

*ယခင်လမှအဆက်–*

ကျမ်းစာကိုဖတ်၍ အတော်ကြာသောအခါ၊ ဦးကေလာသနှင့် ဆွေးနွေး၍ ဘယ်သို့တွေ့သလဲမေးသော်၊ ယေရှုခရစ်သည် အပြစ်ရှိသောပုဂ္ဂိုလ် မဟုတ် ငါ အပြစ်ရှာ၍ မတွေ့၊ လူသူတော်ကောင်းတစ်ယောက်ဖြစ်သည်ဟု ပြော၏။ ကျွန်ုပ်က လူသူတော်တောင်မက၊ ဟောသည့် စာက သူဘဲလောကကိုဖန်ဆင်းတယ်၊ သူဘဲ လောကဆင်းလာ၍ လူဖြစ်တယ်၊ သူပဲဘုရားသား၊ သူဘဲဘုရား၊ သူဘဲ လမ်းသူဘဲအသက်၊ သူဘဲသမ္မာတရားနှင့် ရှုပ်လိုက်တာလွန်ရော၊ ဦးပဇင်းနားကို မလည်နိုင်ဘူးပြောပါ၏။ ထိုနေ့မှစ၍ ခရစ်ယာန်စာကိုလဲမကြည့်ဘူး၊ ကိုယ့်ပိဋကတ်နှင့် ကိုယ်ကိုစစ်၍ ရဟန်းခံလျှင် ဖြစ်နိုင်မဖြစ်နိုင် ဝိနည်းနှင့်စစ်၊ ကမ္မဝါ၌ပါသော ရဟန်းလောင်းစစ်သောကမ္မဝါစစ်နှင့် တစ်နှစ်လွန်၍ အမောင်ဦးပဥ္စင်းနှင့်ဆရာတို့က ယေရှုခရစ်ကိုရင်ဟု ခေါ်ကြ၏။

ကျွန်ုပ်အသက် ၁၉ နှစ်ရှိပြီး ရဟန်းခံရန် အသက် ၂၀၊ ဝိသတိပုဏ္ဏားပြည့်ရမည်။ ထိုအချိန်တွင် ကျွန်ုပ်ဆရာ ဦးစာရသည် လူဝတ်လဲ၍ မဆိတ်ဆိုသူနှင့်စုံဖက်၍ ချောင်းခွရွာတွင် အိမ်ဆောက်၍နေသည်။ ကျွန်ုပ်လည်း သာမဏေဘဝက ထွက်၍ နေသည်။ သို့သော်၊ ဂဏန်းသင်္ချာအတွက်များ တက်ချင်သည်နှင့် ကျွန်ုပ်၏ရွာတွင် ဦးဂတိုးတည်ထားသော သာသနာစာသင်ကျောင်းတွင် ဝင်ခွင့်တောင်း၍ သင်၏။ ထိုသို့ကျောင်းနေသော်လည်း ကျောင်းဆရာကြီးကို အခွင့်တောင်းထားသည်မှာ ကျွန်တော့မှာ ကျမ်းစာသင်ခြင်း၊ သီချင်းဆိုခြင်း၊ ဆုတောင်းခြင်းတို့ကိုမပြုလို၍ အခွင့်ပေးပါဟု တောင်းရာဆရာကအခွင့် ပေးပါသည်။

ကျောင်း၌နေ့စဉ် ကျောင်းတက်တိုင်း ဘုရားဝတ်ပြုကြ၏။ လူများသီချင်းဆိုသောအခါထိုင်လျှက်၊ သူများဆုတောင်းသောအခါထိုင်လျှက်၊ တနေ့နောက်တနေ့နေလာ၍ တော်တော်ခက်ခဲ၏။ နင်ဘာဖြစ်လို့မထသလဲ၊ လူများထပါတော့လား၊ နင်ဘာဖြစ်လို့ ခေါင်းမငုံ့သလဲ၊ သူများငုံ့လျှင် ငုံ့ပါတော့လားဟု စိတ်၌ဖြစ်လာ၏။ သို့သော် ငါယုံမှမယုံဘဲ၊ ဘယ်သို့လုပ်ရမလဲဟု ဆုံးဖြတ်လိုက်၏။ သို့သော် ဆရာကြီးဦးကတိုးက ကိုရင်မှန်သော အသက်ရှင်တော်မူသောဘုရားသခင် ကျွန်တော့အား အမှန်နှင့်အမှား ပိုင်းခြားနိုင်သော ဉာဏ်ကိုပေးတော်မူပါဟု ဆုတောင်းပါ။ တောင်းသည့်အတိုင်း ရပါလိမ့်မည်ဟု ပြောသဖြင့်ဤမှစ၍ ကျွန်ုပ်သည်ဗုဒ္ဓဘုရား၊ ခရစ်ယာန်ဘုရား မခွဲခြားဘဲ မှန်သော အသက်ရှင်သောဘုရားဟု ဆုတောင်းပါ၏။ ကျွန်ုပ်ကိုယ်ခန္ဓာကိုဆက်ကပ်၍ အမှန်နှင့်အမှားကို ပိုင်းခြားနိုင်သောဉာဏ်ကို ပေးတော်မူပါဟု တောင်းသည့်အတိုင်း ရသဖြင့် ခရစ်တော်အား လုံးလုံးဆက်ကပ်ရန် သံဓိဋ္ဌာန် ချလိုက်တော့၏။သို့သော်

ခရစ်ယာန် ဘဝသို့ ဘယ်သို့ဝင်ရသည်မသိ ပြောပြသူ လည်းမရှိသဖြင့်၊ ကျောင်းဆရာ ဦးသို့ မေးရ၏။ ခရစ်ယာန်ဘာသာဝင်လျှင်ဘယ်သို့လုပ်ရသလဲ၊ နှစ်ခြင်းမင်္ဂလာ ခံရသည်။ အသက်ဘယ်လောက်ရှိမှ ခံရသလဲ၊ အသက်အပိုင်းအခြားမရှိ ယုံကြည်က သူငယ်များပင် မင်္ဂလာယူနိုင်သည်။ မင်္ဂလာပေးသောအခါ လူဘယ်နှစ်ယောက်ရှိမှ ကံမြောက်သလဲ၊ ဘယ်နှစ်ယောက်ရှိရှိ နှစ်ခြင်းပေးသောဆရာနှင့် နှစ်ယောက်ထည်းပင်ပေးနိုင်၏။ ဘယ်မှာတောင်းရသလဲ၊ အသင်းတော်ရှိရာမှာတောင်းရသည်။ ဒါဖြင့် ကျွန်တော်နှစ်ခြင်းမင်္ဂလာလိုချင်ပါသည် ပြောတော့ နောက်ဥပုသ်နေ့၌ ကျောင်းကန်သွား၍ တောင်းရန်ပြော၏။(မှတ်ရန်၊ ဗုဒ္ဓဝါဒီမှာ ရဟန်းခံလျှင်အသက် ၂၀ ပြည့်ရမည်။ ကမ္မဝါဆရာ ငါးယောက်၊ ဥပဇ္ဈယ်ဆရာ တယောက်၊ သိမ်–ပရိသတ် ကမ္မဝါ၊ ကမ္မဝါဆရာ၊ ဥပဇ္ဈယ် ဆရာ၊ ဤငါးပါး ပြည့်စုံမှ ရဟန်းကံမြောက်သည်။)

နှစ်ခြင်းမင်္ဂလာတောင်း၍ ၁၂၅၃ ခု၊ သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့၊ ဝဲကြီးချောင်း မီးရထားတံတား တောင်ဘက်လှဲဆိပ်၌ သင်းအုပ်ဆရာ ဦးညိုလက်ဖြင့် နှစ်ခြင်းမင်္ဂလာခံပါသည်။ နှစ်ခြင်းမင်္ဂလာမခံမီ တပါတ်က အရပ်၌ ကြော်ငြာ၍ ထားသဖြင့် နှစ်ခြင်းမင်္ဂလာ ခံသောအခါ လာ၍ကြည့်သော လူထုကား များပေသည်။ ကျွန်ုပ်ကိုယ်တိုင် တမိုင်လောက်ဝေးသော ကျောင်းကို ရောက်အောင် လက်မှမောင်းကိုတီးလျက် ငြိမ်းရာနေ့ဘုရားကိုးကွယ်မည် ဟု ဝန်ခံသောနေ့၊ ဆိုသောသီချင်းကိုဆိုလျှက်သွားပါသည်။ နှစ်ခြင်းပေး၍ ရေမှ ပေါ်ထစဉ်တွင် ငါသစ္စာပြုဆို ထက်ဘုံသား နားထောင်ကြားသိမှတ်သား ကုန်ပါ၊ မလစ်မလပ်ငါတည်စေအံ့။ ငါသက်ထက်ဆုံးကြိုးစားလတ့ံ၊ ဟူသော သီချင်းသံကြားရသဖြင့် ဘယ်မျှဝမ်း မြောက်သည်ကိုမပြောနိုင်ပါ။

နှစ်ခြင်းမင်္ဂလာခံပြီးမှ၊ မော်လမြိုင်အစိုးရ နော်မံကျောင်းသို့သွား၍ တလနေပြီးမှ စည်းကမ်းဥပဒေကို မကြိုက်၍ ပြန်လာခဲ့သည်။ ကျွန်ုပ်ခရစ်ယာန် ဖြစ်သည်ကိုရပ်သူရွာသားများက မနှစ်သက်၍ ကျွန်ုပ်ဆရာဖုန်းကြီးလူထွက် ဦးအာစာရ၊ လူအမည်ဦးရွှေဖြေအား တိုင်ကြ၏။ ဦးရွှေဖြေကခေါ်၍ မင်းယုံသောဘာသာကို သေသေခြာခြာနားလည်အောင် စုံစမ်းသင်ကြားပါဦး၊ နောက်မှငါ့ကိုပြောစမ်းပါဟု တိုက်တွန်း၏။ ကျွန်ုပ်ကလည်းကိုယ်ယုံသော ဘာသာကို၊ ကိုယ်သေခြာ ဂဂဏာဏာ သိရမည်ဟုသဘောရ၍ ကျမ်းစာသင် ကျောင်းသို့ဝင်၍ သင်လေသည်။

၁၈၉၂ ခု၊ မေလ ၁၄ ရက်နေ့၊ ရန်ကုန်မြို့ အလုံရပ်သာသနာပြုဆရာ၊ ဆရာရိုး၏ ကျမ်းစာသင်ကျောင်းသို့ ထိုနှစ် မေလ ၁ ရက်နေ့တွင်ကျောင်းဖွင့်၍ ကျွန်ုပ်အရင် မန္တလေးဆရာသာဒင်က ရောက်နှင့်သည်။ ကျမ်းစာသင်ကျောင်းကိုလာစဉ်မီးရထားလမ်းတလျှောက် လက်ဝဲလက်ျာရွာတွေကို တွေ့မြင်ရ သောအခါ ကျွန်ုပ်စိတ်၌ ထိခိုက်လှုပ်ရှားသည်မှာ၊ များစွာသော လူအပေါင်းတို့သည် ကယ်တင်ရှင်အကြောင်း မကြားရ၊ မသိသောသူ အလွန်များပါသည်တကား၊

ဤသူတို့အား ဘယ်သူညွှန်ကြား၍ ကယ်တင်ခြင်း တရားကိုကြားရပါအံ့နည်း။ သူတို့ဝိညာဉ်အတွက် တာဝန်သည်ဘယ်သူတို့အပေါ်၌ ကျသနည်း။ ကျောင်းဆရာလုပ်မည့်သူ၊ မြို့အုပ်၊ မြို့ချုပ်၊ စာရေးစာချီလုပ်မည့်သူကား အလွန်ပေါ၏။ အမှုတော်ဆောင်မည့်သူကား အလွန်နည်းပါသည်တကားဟု ဝမ်းနည်းမိပါ၏။ ကျွန်ုပ်၏တာဝန်ပင်ဖြစ်သည်ဟုလည်း သဘောကျပါ၏။

ကျမ်းစာကျောင်း၌ ရန်ကုန်တွင် ၂ နှစ်နေ၍ သင်ကြားစဉ်ခရစ်တော် အကြောင်း သက်သေမခံပဲမနေနိုင်သဖြင့် ကျမ်းစာကျောင်းနား အလုံရပ်ထဲ၌၎င်း၊ ကြည့်မြင်တိုင်၌၎င်း၊ ရန်ကုန်အနောက်ပိုင်း၌၎င်း၊ ဥပုသ်နေ့များတွင်ရွှေတိဂုံစေတီတော်ပေါ်၌၎င်း၊ မန်းသာဒင်၊ မောင်ဘိုးမှန်၊ မောင်ရန်ဖြေ၊ ကျွန်ုပ်တို့သည် ဟောပြောလေ့ရှိကြသည်။ ဤအချိန်တွင် တံတားရွာမှ၊ ညာဏ်ဂိုဏ်းဆရာ ဦးကျေး၊ ဦးဘိုး၊ ဦးရွှေယုန်၊ ဦးထာတို့လာ၍ စုံစမ်းသဖြင့်ယုံကြည်၍ မင်္ဂလာခံယူကြပါသည်။ ကျွန်ုပ်နှင့်မန်းသာဒင်၊ မန္တလေးဆရာတော်လူထွက် ဦးပဏ္ဍိတ်တို့သည် တံတားရွာသို့လိုက်သွား၍ အမှုတော်ဆောင်ကြပါသည်။ တတိယနှစ်တွင် ကျမ်းစာသင်ကျောင်း အင်းစိန်သို့ပြောင်း၍ ဆရာသောမတ်လက်ထက်၌ ၁၈၉၄ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်၊ ရန်ကုန် သင်းအုပ်ဆရာဦးဘိုးမင်း၊ ပဲခူးသင်းအုပ်ဆရာဦးဘိုးဆိတ်၊ မေမြို့သင်းအုပ် ဆရာဦးဘအို၊ မန္တလေးသင်းအုပ်ဆရာဦးသာဒင်၊ မော်လမြိုင်ကျွန်းအမှုဆောင် ဆရာဦးအုန်းခိုင်၊ ကျွန်ုပ်ပေါင်း ၆ ယောက် ကျောင်းမှထွက်၍ကျောင်းလွန်ကြပါသည်။

ကျမ်းစာကျောင်းမှာ၊ မိုဃ်း ၅ လသာ သင်၍ အောက်တိုဘာလတွင် ကျောင်းပိတ် သောအခါတိုင်း ပြည်မြို့သို့ပြန်၍ ပြည်နယ်တွင် အမှုတော်ဆောင်ရသည်။ အမှုတော်ဆောင်ရာမှာ ဧရာဝတီမြစ်နှင့် အင်းတိုင်ကြားရွာရှိ သမ္ဗျအိမ်ရှိသမ္ဗျ ဘုန်းကြီးကျောင်းမကျန်၊ ဝေစာများပေး၍ တည်းခိုရာနေရာ၌ တွေ့သမျှသောသူကို ဟောပြောရ၏။ ဒုတိယနှစ်တွင် ရွှေတောင် အင်းမကြားတောင်တန်းနှင့် မီးရထားလမ်းလမ်းကြားရှိ သမျှရွာများကို၎င်း၊ ဒုတိယနှစ်တွင် မီးရထားလမ်းနှင့် ပဲခူးရိုးမတောင်ကြားရှိရွာများသို့၎င်း၊ သာသနာပြုဆရာနှင့်ဆရာမများပါ လှည်းနှစ်စီးနှင့်စားအိုးစားခွက်အိပ်ရာများပါ ယူဆောင်လျက်၊ တခါထွက်လျှင်အနည်းဆုံး ၂ လကြာလေသည်။ သာသနာပြုဆရာမပါလျှင် ကျွန်ုပ်ကိုယ်တိုင်ဦးဆောင်ရသည်။

*နောက်လဆက်ဖတ်ရန်*

*–ပြည်သာဒင်–*